ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၏ အစီအစဉ်ကို အကောင်အထည်ဖော်မည့် တိုက်နယ်ဥက္ကဋ္ဌများ ငွေကောက်ယူနေပြီ

လွတ်လပ်သော မွန်သတင်းအေဂျင်စီ
ဇူလိုင်လ ၁၈ ရက်၊ ၂၀၀၃ ခုနှစ်။

ယခု ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကော့ဘိန်းတိုက်နယ်တွင် နအဖအထက်ပိုင်းအရာရှိတို့ ချမှတ်ခဲ့သော အစီအစဉ်ကို အကောင်အထည်ဖော်ရန်အတွက် တိုက်နယ်အတွင်းရှိ ရယကဥက္ကဋ္ဌများသည် မိမိတို့ ရွာသူရွာသားများ ထံတွင် ငွေကောက်ယူနေပါသည်။

တိုက်နယ်အတွင်းရှိ စာသင်ကျောင်းများတွင် အသုံးပြုရန် ကွန်ပြူတာစက်များ၊ ရုပ်မြင်သံကြားစက်များ ဝယ်ယူရေး နှင့် ဆေးရုံတည်ဆောက်ရေးအစီအစဉ်အတွက် ဆိုပြီး ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးဥက္ကဋ္ဌ တို့သည် ဖြတ်ပိုင်းဖြင့် တစ်အိမ်ဝင် တစ်အိမ်ထွက်ကာ ငွေကောက်ယူနေပါသည်။

ချမှတ်ခဲ့သောအစီအစဉ်အတွက် လိုအပ်သော ငွေ (၅၁) သိန်း ရရှိရန်အတွက် ကျေးရွာဥက္ကဋ္ဌများနှင့် ရယကအဖွဲ့ဝင်တို့သည် တစ်အိမ်ကို ငွေကျပ် ၂၀၀၀ တိတိကို ကောက်ယူနေခဲ့ပါသည်။

၎င်းအစီအစဉ်သည် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ဤဒေသသို့ ရောက်ရှိစဉ်က ချမှတ်ခဲ့ပြီး၊ စတင်အကောင်အ ထည်ဖော်ရန် ဒီကနေ့တွင် စတင်ငွေကောက်ယူပြီး၊ ငွေကောက်ယူရန်အတွက် ငွေကောက်ခံဖြတ်ပိုင်းကို မနေ့ကတည်းက ပင် ရွာဥက္ကဋ္ဌတို့ ဖြန့်ဝေနေကြသည်ဟု တိုက်နယ်ဥက္ကဋ္ဌ အသိုင်းအဝိုင်းတို့က ဆိုပါသည်။

''အခုအစီအစဉ်ဟာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၏ ခရီးစဉ်အပြီးမှာ တတိယမြောက် အစီအစဉ်အဖြစ် ဒီဒေသမှာ အကောင်အထည်ဖော်နေတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ လမ်းအသစ်ပြောင်းရွှေဖောက်လုပ်မှုအစီအစဉ်နှင့် လမ်း လုံခြုံရေးအတွက်ဆိုပြီး တပ်ရင်းအသစ်တည်ဆောက်မှုအစီအစဉ်အတွက် လယ်ယာတွေကို မနည်းသိမ်းယူလိုက်ပြီး တာနဲ့ သူတို့အစီအစဉ်ကို ကြောက်နေပြီးပဲဗျာ၊ အခုအစီအစဉ်တခု ထပ်ပေါ်လာတာလဲပဲ ငွေထပ်ကောက်ယူနေပြန်ပြီ၊ ကျနော်တို့ ရွာသားတွေဆီက ဘာမှမယူတဲ့အစီအစဉ်တွေ ဘာမှမရှိဘူး၊ အခုအစီအစဉ်တွေကြီးနဲ့ နောက်ထပ် အခြားအစီအစဉ်တွေ ကျလာဦးမယ်ဆိုရင်တော့ ကျနော်တို့ ဒီရွာကနေပြေးရပြီ'' ဟု ဒေသခံ တိုက်နယ်သားတို့က ၎င်းအစီအစဉ်ပေါ် သူတို့၏ စိတ်နေသဘောထားကို ရှင်းပြခဲ့ပါသည်။

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၏ ဒီဒေသကို မလာခင်ကတည်းကပင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးအစီအစဉ်၏ အကြောင်းပြချက်နှင့် ကော့ဘိန်းတိုက်နယ်တွင် လမ်းသစ်များ ဖောက်လုပ်နေခဲ့ပြီး ထိုလမ်းများဖောက်လုပ်ရာတွင် ဒေသခံရွာသားများကို အဓမ္မခိုင်းစေခဲ့ပါသည်။

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ကို ဆက်သွယ်ထားသော မိုင် (၃၀) ကျော် ရှည်လျားသည့် တရနာ–ကျုံဒိုးလမ်းကို စက်ယန္တရားမသုံးပြုပဲ လူအင်အားသက်သက်ဖြင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ ဖောက်လုပ်သည့်အခါတွင် ရွာ သူရွာသားများကို ရက်ရှည်ကြာ အခကြေးငွေမပေးပဲ ခိုင်းစေခေါ်ယူနေသည့်အတွက်ကြောင့် ဒေသခံပြည်သူများသည် ၎င်းအစီအစဉ်ကို ကြောက်လန့်နေခဲ့ပြီး ဖြစ်ပါသည်။

လူအားဖြင့် ဖောက်လုပ်ခဲ့သည့်အပိုင်းများသည် မိုးရေတိုက်စားမှုဒဏ်ကို မခံနိုင်သည့်အတွက် ပျက်စီးနေပြီး၊ ၎င်းအဖြစ်အပျက်ကို တွေ့မြင်သော အရှေ့တောင်တိုင်းတိုင်းမှူးနှင့် လမ်းဖောက်လုပ်ရေး တာဝန်ခံတို့က ဖောက်လုပ်ထား သည့် လမ်းဟောင်းကို မယူဘဲ လမ်းနေရာအသစ် ဖောက်လုပ်ရန် အစီအစဉ်ကို ဗိုလ်ချုပ်မောင်ဘို ခရီးစဉ်မှာ ချ မှတ်ခဲ့ပါသည်။

အစီအစဉ်အရ လာမည့်နွေရာသီမှာ ၎င်းလမ်းအသစ်ကို ဖောက်လုပ်မည်ဖြစ်၍ ရွာသူရွာသားများကို အဓမ္မ လုပ်အားပေး ထပ်မံခေါ်ယူမည်ကို ဒေသခံရွာသူရွာသားတို့က စိုးရိမ်ကြောက်ရွံ့နေကြကြောင်း သိရပါသည်။